# فضائل وآداب المسجد النبوي، وأحكام زيارة قبر النبي عليه الصلاة والسلام وقبري صاحبيه )للحرمين(

# မတ်စ်ဂျိဒ် နဗဝီ၏ ထွဋ်မြတ်မှုများနှင့် ရှိသေသမှုများ၊ တမန်တော်မြတ် (ﷺ) ၏ ကဗရ်တော်နှင့် တမန်တော်မြတ်၏ အ ဆွေတော်နှစ်ပါး (رضي الله عنهما)

# ၏ ကဗျာတော်များကို

# ဗီယာရည်ပြုလုပ်ခြင်းဆိုင်ရာ

# အမိန့်ပညတ်ချက်များ

**မတ်စ်ဂျိဒ် နဗဝီ၏ ထွင်မြတ်မှုများနှင့် ရှိသေသမှုများ၊ တမန်တော်မြတ် (ﷺ) ၏ ကဗရ်တော်နှင့် တမန်တော်မြတ်၏ အ ဆွေတော်နှစ်ပါး (رضي الله عنهما) ၏ ကဗရ်တော်များကို ဇိယာရသ်ပြုလုပ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ**

မတ်စ်ဂျိစ်ဒ်ဟရာမ်နှင့် မတ်စ်ဂျိစ်ဒ်နဗဝီ၏ သာသနာရေးရာကိစ္စများ ဦးစီးဌာန အောက်ရှိ ပညာရေးဌာန

**မတ်စ်ဂျိဒ် နဗဝီ၏ ထူးမြတ်မှုများနှင့် ရှိသေသမှုများ၊ တမန်တော်မြတ်(ﷺ)၏ ကဗရ်တော်နှင့် တမန်တော်မြတ်၏ အဆွေ တော်နှစ်ပါး (رضي الله عنهما) တို့၏ ကဗရ်တော်များကိုဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ။**

စုစည်းတင်ပြသူ

မတ်စ်ဂျိဒ်ဟရာမ်နှင့် မတ်စ်ဂျိဒ်နဗဝီ၏ သာသနာရေးရာကိစ္စများ ဦးစီးဌာန အောက်ရှိ ပညာရေးကော်မတီ

ဟာစ်ဂျရီ ၁၄၄၇

## နိဒါန်း

ချီးမွမ်းခြင်းအပေါင်းသည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်သည်။ စကြဝဠာခပ်သိမ်းတို့အတွက် ကရုဏာတော်အဖြစ် စေလွှတ်တော်မူခြင်းခံရသော တမန်တော်မြတ်အပေါ်သို့လည်းကောင်း၊ ကိုယ်တော်၏ အိမ်တော်သူ အိမ်တော်သားများနှင့် အဆွေတော် သာဝကကြီးများအပေါ်သို့လည်းကောင်း၊ ကိယာမသ်နေ့ထိတိုင် ကိုယ်တော်၏ စွန္နသ်လမ်းစဉ်ကို လိုက်နာကျင့်သုံးပြီး ကိုယ်တော်၏ လမ်းညွှန်ပြသမှုအတိုင်း တရားလမ်းမှန်ကို လိုက်နာကြသူများအပေါ်သို့လည်းကောင်း အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေ။ ဤသို့ ချီးမွမ်းခြင်း၊ ဆုတောင်းခြင်းတို့ပြုပြီးနောက် တင်ပြလိုသည်မှာ-

ဤသည် မတ်စ်ဂျိဒ်နဗဝီ၏ အဓိကကျသော ထူးမြတ်မှုများ၊ ၎င်းအား ဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ရှိသေသမှုများနှင့် တမန်တော်မြတ် ﷺ ၏ ကဗရ်တော်နှင့် ကိုယ်တော်

၏ အဆွေတော်နှစ်ဦး၏ ကဗရ်တော်တို့ကို ဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ရှိသေသမှုများအကြောင်း အကျဉ်းချုံးတင်ပြထားသော စာအုပ်ငယ်တစ်အုပ် ဖြစ်ပါသည်။ မတ်စ်ဂျိဒ်နဗဝီကို ဇေယာရသ်ပြုလုပ်သူများအနေဖြင့် အွမ္မသ်ထု၏ နဗီတမန်တော် ﷺ၏ ဗလီဝတ်ကျောင်းတော်၏ ထူးမြတ်မှု၊ ၎င်းအား ဇေယာရသ်ပြုလုပ်ခြင်းနှင့် ၎င်းတွင် ဆွလာသ်ဝတ်ပြုခြင်းဆိုင်ရာ ရှိသေသမှုများကို ကောင်းစွာ သိရှိနားလည် သဘောပေါက်စေရန်အလို့ငှာ ကျွန်ုပ်တို့ ဤစာအုပ်ကို ၎င်းတို့အတွက် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်ငယ်ဖြင့် အကျိုးကျေးဇူးရရှိစေရန်၊ ၎င်းအား ကောင်းမြတ်သော လုပ်ရပ်တစ်ခုဖြစ်စေရန်နှင့် အရှင်မြတ်၏ နှစ်မြို့မှုအတွက်သာ သီးသန့်ဖြစ်စေရန် အလွန်တရာ ပေးကမ်းစွန့်ကြဲတော်မူသော၊ ကျေးဇူးတော် ချီးမြှင့်တော်မူသော အရှင်မြတ်ထံတော်၌ ကျွန်ုပ်တို့ မျှော်လင့်ဆုတောင်းပါသည်။ အမှန်တကယ်ပင် ထိုအရှင်မြတ်သည် တောင်းခံအပ်သော အကောင်းဆုံးအရှင်၊ မျှော်လင့်အပ်သော အမွန်မြတ်ဆုံးအရှင် ဖြစ်တော်မူပါသည်။

ပညာရေးကော်မတီ

## ပထမ။ ။ မတ်စ်ဂျိဒ် နဗဝီ၏ ထူးမြတ်မှုများ

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က

မိန့်ကြားတော်မူသည်။

﴿وَرَبُّكَ يَخۡلُقُ مَا يَشَآءُ وَيَخۡتَارُۗ مَا كَانَ لَهُمُ ٱلۡخِيَرَةُۚ سُبۡحَٰنَ ٱللَّهِ وَتَعَٰلَىٰ عَمَّا يُشۡرِكُونَ68﴾

( အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူပြီး ရွေးချယ်တော်မူသည်။ ထိုသူ(မုရှ်ရိက်)များတွင် ရွေးချယ်ခွင့် လုံးဝမရှိပေ။ အလ္လာဟ်အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်ကြသည်များမှ စင်ကြယ်သန့်ရှင်းတော်မူသည့်အပြင် (ထိုအရာများထက် အနှိုင်းမရှိ) အလွန်မြင့်မားတော်မူလှသည်။ ၆၈ ) (စူရဟ် အလ်ကစွက်စ်၊ ၆၈ ) အလ္လာဟ်အရှင်မြတ်သည် ဤနေရာကို မိမိ၏ နဗီတမန်တော် ﷺ ၏ ဗလီဝတ်ကျောင်းတော်အဖြစ် ရွေးချယ်တော်မူခဲ့ပြီး များစွာသော ထွတ်မြတ်မှုများဖြင့် သီးသန့်ချီးမြှင့်တော်မူခဲ့သည်။ ၎င်းတို့အနက်မှ အချို့မှာ -

၎င်းသည် အိဗာဒသ်၏ ရည်ရွယ်ချက်ဖြင့် ခရီးထွက်ရသော ဗလီဝတ်ကျောင်းတော်သုံးခုအနက်မှ တစ်ခုဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု)က တမန်တော်မြတ်(ﷺ)ထံမှ ဆင့်ပြန်ခဲ့သည်။

«لَا تُشَدُّ الرِّحَالُ إِلَّا إِلَى ثَلَاثَةِ مَسَاجِدَ: مَسْجِدِي هَذَا، وَمَسْجِدِ الحَرَامِ، وَمَسْجِدِ الأَقْصَى» [1].

"ဗလီဝတ်ကျောင်းတော်သုံးခုမှအပ ကျန်နေရာများကို အိဗာဒသ်၏ ရည်ရွယ်ချက်ဖြင့် ခရီးမထွက်ရ။ (၎င်းတို့မှာ ) ငါကိုယ်တော်၏ ဗလီဝတ် ကျောင်းတော်၊ ဟရာမ် ဗလီဝတ်ကျောင်းတော်နှင့် အက္ကစ္စာ ဗလီဝတ်ကျောင်းတော်တို့ဖြစ်သည်။"[1]

ကေန်အမှန်ပင် ၎င်းဗလီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ် ဆောက်တည်ခြင်းသည် မတ်စ်ဂျိဒ်ဟရာမ် ဝတ်ကျောင်းတော်မှအပ အခြားဗလီဝတ်ကျောင်းတော်များ၌

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၈၉)၊ မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၇)၊ ဤစကားရပ်မှာ မွတ်စ်လင်မ်ကျမ်းလာ စကားရပ်ဖြစ်သည်။

ဆွလာသ်အကြိမ်ပေါင်းတစ်ထောင် ဆောက်တည်ခြင်းထက် သာပိုမွန်မြတ်သည်။

အဗူဟုရိုင်ရဟ် (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်။

«صَلَاةٌ فِي مَسْجِدِي هَذَا خَيْرٌ مِنْ أَلْفِ صَلَاةٍ فِيمَا سِوَاهُ، إِلَّا المَسْجِدَ الحَرَامَ»[2].

"ငါကိုယ်တော်၏ ဤဗလီဝတ်ကျောင်းတော်၌ ဆွလာသ်တစ်ကြိမ် ဆောက်တည်ခြင်းသည် မတ်စ်ဂျိဒ်ဟရာမ် ဝတ်ကျောင်းတော်မှအပ အခြားဗလီဝတ်ကျောင်းတော်များ၌ ဆွလာသ်အကြိမ်ပေါင်း တစ်ထောင်ဆောက်တည်ခြင်းထက် သာပိုမွန်မြတ်သည်။"[1]

၎င်းသည် ပထမဆုံးနေ့မှစ၍ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း (သက္ကဝါ) အပေါ် အုတ်မြစ်ချတည်ဆောက်ထားသော ဗလီ ဝတ်ကျောင်းတော်ဖြစ်သည်။

အဗူစအီးဒ် အလ်ခုဒ်ရီ (ရသ္ဝိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) ၏ ကြင်ရာတော်တစ်ပါး၏ အိမ်

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၉၀)၊ မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၅)၊ စကားရပ်မှာ ဗုခါရီကျမ်းမှဖြစ်သည်။

တော်၌ ကိုယ်တော်မြတ်ထံသို့ ဝင်ရောက်ခစားခဲ့သည်။ ထို့နောက် ကျွန်တော်မျိုးက "အို - အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ဗလီဝတ်ကျောင်းတော်နှစ်ခုအနက် မည်သည့်ဗလီဝတ်ကျောင်းတော်သည် သက္ကဝါတရားပေါ် အခြေခံတည်ဆောက်ထားသော ဗလီဝတ်ကျောင်းတော် ဖြစ်ပါသနည်း" ဟု လျှောက်ထားခဲ့ရာ တမန်တော်မြတ် (ﷺ) သည် ကျောက်စရစ်ခဲ လက်တစ်ဆုပ်ကို ယူ၍ မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီးနောက် မိန့်ကြားတော်မူခဲ့သည်မှာ -

«هُوَ مَسْجِدُكُمْ هَذَا» لِمَسْجِدِ المَدِينَةِ[3].

"၎င်းမှာ အသင်တို့၏ ဤဗလီဝတ်ကျောင်းတော်ပင်ဖြစ်သည်။" (မဒီနာမြို့တော်ရှိ ဗလီဝတ်ကျောင်းတော်ကို ဆိုလိုခြင်းဖြစ်သည်။).[1]

အမှန်စင်စစ်ပညာရှာမှီးသူ၏ အကျိုးကုသိုလ်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုသူ၏ အကျိုးကုသိုလ်ကဲ့သို့ပင် ဖြစ်သည် -

---

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၈).

အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ﷺ မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။

«مَنْ جَاءَ مَسْجِدِي هَذَا، لَمْ يَأْتِهِ إِلَّا لِخَيْرٍ يَتَعَلَّمُهُ أَوْ يُعَلِّمُهُ، فَهُوَ بِمَنْزِلَةِ الْمُجَاهِدِ فِي سَبِيلِ اللهِ، وَمَنْ جَاءَ لِغَيْرِ ذَلِكَ، فَهُوَ بِمَنْزِلَةِ الرَّجُلِ يَنْظُرُ إِلَى مَتَاعِ غَيْرِهِ»[4].

"အကြင်သူသည် ငါကိုယ်တော်၏ ဤဗလီဝတ်ကျောင်းတော်သို့ ကောင်းမြတ်သည့်အရာကို သင်ယူရန် သို့မဟုတ် သင်ကြားပေးရန်အတွက်သာ လာရောက်ခဲ့လျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်လုပ်သူ အဆင့်အတန်းကဲ့သို့ပင်ဖြစ်သည်။ ထိုမှတစ်ပါး အခြားရည်ရွယ်ချက်ဖြင့် လာရောက်သူသည် သူတစ်ပါး၏ပစ္စည်းဥစ္စာကို ငေးမောကြည့်ရှုနေသူ အဆင့်အတန်းကဲ့သို့ပင်ဖြစ်သည်။"[1]

ဝင်း၌ ရောင်သွာတော်မြတ် ရှိနေခြင်း -

အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«مَا بَيْنَ بَيْتِي وَمِنْبَرِي رَوْضَةٌ مِنْ رِيَاضِ الْجَنَّةِ، وَمِنْبَرِي عَلَى حَوْضِي»[5].

[1] အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၂၇)၊ ဆွဟီဟ်စနဒ်ဖြင့် ဆင့်ပြန်ထားသည်။

" ငါကိုယ်တော်၏ အိမ်နှင့် မင်န်ဗရ်ကြားနေရာသည် ဂျန္နသ်၏ ဥယျာဉ်များအနက်မှ ဥယျာဉ်တစ်ခုဖြစ်သည်၊ ထို့ပြင် ငါကိုယ်တော်၏ မင်န်ဗရ်သည် ငါကိုယ် တော်၏ (ကောင်ဆရ်) ရေကန်ပေါ်တွင် ရှိမည်။ "[1]

## ဒုတိယ။ ။ မတ်စ်ဂျိဒ် နဗဝီ ဝတ်ကျောင်းတော်မြတ်အား ဇေယာရသ်ပြုလုပ်ခြင်းသည် မွတ်စ်သဟာဗ်ဖြစ်ခြင်း

ဤထွတ်မြတ်မှုများနှင့် အခြားသောအကြောင်းအရာများကြောင့် ထိုဗလီဝတ်ကျောင်းတော်တွင် ဆွလာသ်ဆောက် တည်ရန်နှင့် အိဗာဒသ်ပြုလုပ်ရန်အတွက် မတ်စ်ဂျိဒ် နဗဝီအား ဇေယာရသ်ပြုလုပ်ခြင်း မွတ်စ်သဟာဗ်ဖြစ်သည်။

- ဟဂ်ျပြုလုပ်သူနှင့် အခြားသူများအတွက် ဟဂ်ျမတိုင်မီဖြစ်စေ သို့မဟုတ် ပြုလုပ်ပြီးနောက်ဖြစ်စေ မတ်စ်ဂျိဒ်နဗဝီအား ဇေယာရသ်ပြုလုပ်ခြင်း စွန္နသ်ဖြစ်သည်။ ဤသို့

[1] ဤဟဒီးဆ်တော်သည် ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၉၅) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၀) တို့တွင် လာရှိသည်။

ဧယာရည်ပြုလုပ်ခြင်းသည် ဟဂ်ျ၏ ရှရည်များ၊ ရွတ်က်(န်)များနှင့် ဝါဂျိဗ်များအနက်မှ မဟုတ်ပါ။ ထို့ပြင် ၎င်းသည် ဟဂ်ျနှင့် မည်သည့် ဆက်စပ်မှုမျှ မရှိပါ။

- တမန်တော်မြတ်ﷺ ၏ ဗလီဝတ်ကျောင်းတော်အား ဇေယာရည်ပြုလုပ်ရန်အတွက် ဆွလာသ်အကြိမ် အရေအတွက် သတ်မှတ်ချက် သို့မဟုတ် မဒီနာမြို့တွင် နေထိုင်ရမည့် အချိန်ကာလ သတ်မှတ်ချက်ဟူ၍ မရှိပါ။ အမှန်မှာ ဖရ်သ္ဖ်ဆွလာသ်ဖြစ်စေ၊ နဖိလ်ဆွလာသ်ဖြစ်စေ တစ်ကြိမ်ဝတ်ပြုရုံဖြင့် ၎င်းအား ဇေယာရည်ပြုလုပ်ခြင်း အထမြောက်သွားပြီ ဖြစ်သည်။ သို့သော် ယင်းဗလီဝတ်ကျောင်းတော်တွင် ဆွလာသ် ဆောက်တည်သည့် အကြိမ်အရေအတွက် များလေလေ၊ အကျိုးကုသိုလ် ပိုများလေလေဖြစ်သည်။

- မတ်စ်ဂျိဒ်နဗဝီကို ဇေယာရည်ပြုလုပ်သူသည် ဖရ်သ္ဖ်ဆွလာသ်များအားလုံးအပြင် နဖိလ်ဆွလာသ်များကိုပါ ၎င်းဗလီဝတ်ကျောင်းတော်၌ ဆောက်တည်ခြင်းသည် မွတ်စ်သဟာဗ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းဗလီဝတ်ကျောင်းတော်၌ ဆွ

လာသ်တစ်ကြိမ်ဆောက်တည်ခြင်းသည် မတ်စ်ဂျိဒ်ဟရာမ်ဝတ်ကျောင်းတော်မှအပ အခြားဗလီဝတ်ကျောင်းတော်များ၌ ဆွလာသ်အကြိမ်ပေါင်းတစ်ထောင် ဆောက်တည်ခြင်းထက် သာပိုမွန်မြတ်သောကြောင့်ဖြစ်သည်။

## တတိယအချက်။ ။ တမန်တော်မြတ် (ﷺ) ၏ ဗလီဝတ်ကျောင်းတော်ကို ဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ရှိသေသမှုများ

မွတ်စ်လင်မ်တစ်ဦးသည် မတ်စ်ဂျိဒ်နဗဝီသို့ လာရောက်သောအခါ၊ ဗလီဝတ်ကျောင်းတော်များအားလုံးနှင့် သက်ဆိုင်သည့် အာဒါဗ်စည်းကမ်းများအပြင် မတ်စ်ဂျိဒ်နဗဝီနှင့်သက် ဆိုင်သည့် ရှရီအသ်ပညတ်ချက်ဆိုင်ရာ အာဒါဗ်စည်းကမ်းများကို လိုက်နာခြင်း မွတ်စ်သဟာဗ် ဖြစ်သည်။ ၎င်းတို့မှာ -

ဗလီဝတ်ကျောင်းတော်သို့ လာရောက်ရာတွင် တည်ငြိမ်အေးချမ်းမှု၊ ခန့်ညားတည်ကြည်မှု၊ သန့်ရှင်းစင်ကြယ်မှု၊ ကောင်းမွန်လှပသည့် အသွင်အပြင်နှင့် မွှေးကြိုင်သော အနံ့အသက်တို့ဖြင့် လာရောက်ရန်ဖြစ်သည်။ အဗူဟုရိုင်ရဟ်

(ရသို့ယလ္လာဟုအန်ဟု)ထံမှ ဆင့်ပြန်ချက်လာရှိသည်မှာ တမန်တော်မြတ်ﷺက မိန့်ကြားတော်မူသည်။

«إِذَا ثُوِّبَ لِلصَّلَاةِ فَلَا تَأْتُوهَا وَأَنْتُمْ تَسْعَوْنَ، وَأْتُوهَا وَعَلَيْكُمُ السَّكِينَةُ، فَمَا أَدْرَكْتُمْ فَصَلُّوا، وَمَا فَاتَكُمْ فَأَتِمُّوا، فَإِنَّ أَحَدَكُمْ إِذَا كَانَ يَعْمِدُ إِلَى الصَّلَاةِ فَهُوَ فِي صَلَاةٍ»[6]،

"ဆွလာသ်ဝတ်ပြုရန် အိကာမသ်ပေးသောအခါ အသင်တို့သည် အပြေးအလွှား မလာကြနှင့်။ တည်ငြိမ်အေးချမ်းစွာဖြင့်သာ လာကြကုန်။ ထို့နောက် အသင်တို့ မီလိုက်သည့် (ရကအသ်)ကို ဝတ်ပြုကြကုန်။ လွတ်သွားသော (ရကအသ်)ကို ဖြည့်စွက်ဝတ်ပြုကြကုန်။ ကေန်အမှန်ပင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ဆွလာသ်ဝတ်ပြုရန် ရည်ရွယ်၍ လာနေစဉ် ထိုသူသည် ဆွလာသ်ဝတ်ပြုနေသည့် အခြေအနေတွင်ပင် ဖြစ်သည်။"[1] အဗူစအီးဒ် ခုဒ်ရီ (ရသို့ယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ﷺ မိန့်ကြားတော်မူသည်။

«الغُسْلُ يَوْمَ الجُمُعَةِ وَاجِبٌ عَلَى كُلِّ مُحْتَلِمٍ، وَأَنْ يَسْتَنَّ، وَأَنْ يَمَسَّ طِيبًا إِنْ وَجَدَ»[7]،

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၆၃၆) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၆၀၂)

“အရွယ်ရောက်ပြီးသူတိုင်းသည် သောကြာနေ့တွင် ရေချိုးရန်၊ သွားတိုက်ရန်၊ ရေမွှေးရှိလျှင် ရေမွှေးသုံးရန် တာဝန်ရှိသည်။”၊[1] အမျိုးသမီးသည် ဗလီသို့ လာရောက်သောအခါ သူမ၏ဟိဂျာဗ်ဖြင့် ဖုံးအုပ်ထားရန် တာဝန်ရှိသည်။ ထို့ပြင် မွှေးကြိုင်သောရနံ့ သို့မဟုတ် ရေမွှေးကို သုံးစွဲခွင့်မရှိပါ။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«إِذَا شَهِدَتْ إِحْدَاكُنَّ الْمَسْجِدَ فَلَا تَمَسَّ طِيبًا».[8]

“အသင်မတို့အနက်မှ တစ်ဦးတစ်ယောက်သည် ဗလီဝတ်ကျောင်းတော်သို့ လာရောက်သည့်အခါ အမွှေးနံ့သာ မဆွတ်ပါနှင့်။”.[2]

မတ်စ်ဂျစ်ဒ်နဗဝီသို့ ဝင်သောအခါ ညာခြေဖြင့်ဝင်ခြင်းနှင့် ဗလီအဝင်ဒုအာကို ရွတ်ဆိုခြင်း။ ဇေယာရသ်လာရောက်သူသည် အခြားသောဗလီများကဲ့သို့ပင် မတ်စ်ဂျစ်ဒ်နဗဝီသို့ ဝင်သောအခါ မိမိ၏ညာခြေဖြင့်ဝင်ပြီး ဤဒုအာကို ရွတ်ဆိုခြင်းမှာ ၎င်းအဖို့ မွတ်စ်သဟာဗ်ဖြစ်သည်။

---

1 သဘောတူညီချက်ရရှိထားသည်၊ ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၈၄၆) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၅၈)။ အရွယ်ရောက်သူဆိုသည်မှာ အရွယ်ရောက်ပြီးသည့် အမျိုးသားများကို ဆိုလိုသည်။

2 မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၄၃)

«بِسْمِ اللَّهِ، وَالسَّلَامُ عَلَى رَسُولِ اللَّهِ، اللَّهُمَّ اغْفِرْ لِي ذُنُوبِي وَافْتَحْ لِي أَبْوَابَ رَحْمَتِكَ»[9]،

بِسْمِ اللهِ، وَالسَّلَامُ عَلَى رَسُولِ اللَّهِ، اللَّهُمَّ اغْفِرْ لِيْ ذُنُوْبِيْ وَافْتَحْ لِيْ أَبْوَ«
اب رَحْمَتِكَ»

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အပေါ်၌ စလာမ်ငြိမ်းချမ်းမှုသက်ရောက်ပါစေ။ အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကရုဏာတော်တံခါးများ ဖွင့်လှစ်ပေးတော်မူပါ။[1] ထို့အတူ ဤသို့ရွတ်ဆိုရမည်။

«أَعُوذُ بِاللَّهِ العَظِيمِ، وَبِوَجْهِهِ الكَرِيمِ، وَسُلْطَانِهِ القَدِيمِ، مِنَ الشَّيْطَانِ الرَّجِيمِ»[10].

أَعُوذُ بِاللهِ الْعَظِيمِ، وَبِوَجْهِهِ الْكَرِيمِ، وَسُلْطَانِهِ القَدِيْمِ، مِنَ الشَّيْطَانِ الرَّجِ«
يمِ»

အဓိပ္ပါယ်။ ။ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ အန္တရာယ်မှ ကင်းဝေးရန် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ မွန်မြတ်

[1] အိဗ်နေမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၇၁)၊ဆွဟီးဟ် စနဒ်ဖြင့် ဆင့်ပြန်ထားသည်။

လှသော မျက်နှာတော်နှင့် အစမရှိဘဲ တည်ရှိတော်မူသော အရှင်မြတ်၏ အာဏာစက်ထံတော်တို့၌ ခိုလှုံပါ၏။[1]

သဟိယ္ယသုလ် မတ်စ်ဂျိဒ် ဆွလာသ် ဆောက်တည်ခြင်း။

မတ်စ်ဂျိဒ်နဗဝီ ဗလီဝတ်ကျောင်းတော်သို့ ဆွလာသ်ဆောက်တည်ရန် ဝင်ရောက်သူအတွက် မထိုင်မီအလျင် သဟိယ္ယသုလ်မတ်စ်ဂျိဒ် ဆွလာသ်နှစ်ရကအသ် ဆောက်တည်ခြင်းသည် စွန္နသ်ဖြစ် သည်။ အဗူကသာဒဟ် အလ်ဟာရစ်ဆ် ဗင်န် ရိဗ်အီ အလ်အန်ဆွာရီ (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်။

«إِذَا دَخَلَ أَحَدُكُمُ المَسْجِدَ، فَلَا يَجْلِسْ حَتَّى يُصَلِّيَ رَكْعَتَيْنِ»[11].

အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်သည့်အခါ ဆွလာသ်နှစ်ရကအသ် ဝတ်ပြုခြင်း မပြုဘဲ မထိုင်ပါနှင့်။[2]

---

[1] အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၆၆)၊ ဆွဟီးဟ်ဆနဒ်ဖြင့် ဆင့်ပြန်ထားသည်။

[2] တညီတညွတ်တည်း သဘောတူညီထားသော ဟဒီးဆ်၊ ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် ( ၁၁၇၁) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၁၄)

ပထမဆုံးစွတ်ဖ်အတန်းများတွင် ဆွလာသ်ဝတ်ပြုရန် အလေး ထားရမည်။ အဘယ့်ကြောင့်ဆိုသော် ယင်း၌ ကြီး မားသောအကျိုးကုသိုလ် ရှိသောကြောင့်ဖြစ်သည်။ ၎င်း သည် ဆွလာသ်ဝတ်ပြုရန်အတွက် စောစီးစွာသွားခြင်းဖြင့် သာ ဖြစ်နိုင်ပေမည်။ အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန် ဟု) ၏ ဟဒီးဆ်တော်အရ တမန်တော်မြတ် (ﷺ) မိန့်ကြား တော်မူသည်မှာ-

«لَوْ يَعْلَمُ النَّاسُ مَا فِي النِّدَاءِ وَالصَّفِّ الأَوَّلِ، ثُمَّ لَمْ يَجِدُوا إِلَّا أَنْ يَسْتَهِمُوا عَلَيْهِ لَاسْتَهَمُوا»[12]،

""အကယ်၍ လူတို့သည် အဇာန်ပေးခြင်းနှင့် ပထမဆုံးစွ တ်ဖ်အတန်း၌ ရရှိသော အကျိုးကျေးဇူးများကို သိရှိမည် ဆိုလျှင်၊ ထို့နောက် ထိုအကျိုးကျေးဇူးများရရှိရန် မဲနှိုက် ဆုံးဖြတ်ခြင်းမှအပ အခြားနည်းလမ်း မတွေ့ရှိကြလျှင်၊ မဲ နှိုက်၍ဆုံးဖြတ်ကြပေမည်။”၊"[1] တမန်တော်မြတ် (ﷺ) က ၎ င်း၏ဆွဟာဗာ (ရသွိယလ္လာဟုအန်ဟွမ်) များအား မိန့် ကြားတော်မူသည်မှာ-

[1] တညီတညွတ်တည်း လက်ခံထားသည်၊ ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၆၁၅) / မွတ်စ် လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၃၇).

«تَقَدَّمُوا فَأْتَمُّوا بِي، وَلْيَأْتَمَّ بِكُمْ مَنْ بَعْدَكُمْ، لَا يَزَالُ قَوْمٌ يَتَأَخَّرُونَ حَتَّى يُؤَخِّرَهُمُ اللَّهُ»[13].

" အသင်တို့သည် ရှေ့သို့တိုးလာကြပြီး ငါကိုယ်တော်အား (အီမာမ်အဖြစ်) လိုက်နာကြပါ။ ထို့နောက် အသင်တို့နောက်မှ လာမည့်သူများသည်လည်း အသင်တို့ကို လိုက်နာကြပါစေ။ လူတစ်စုသည် အမြဲတမ်း နောက်သို့ဆုတ်နေကြပေလိမ့်မည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား နောက် သို့ရွှေ့ဆိုင်းတော်မူမည်ဖြစ်သည်။ "[1]

အမျိုးသမီးများနှင့် ပတ်သက်၍ ဆိုရလျှင်၊ သူမတို့အတွက် အကောင်းဆုံးမှာ နောက်ဘက်ကျသော စွတ်ဖ်အတန်းများတွင် ဆွလာသ်ဝတ်ပြုခြင်းနှင့် အမျိုးသားများနှင့် ဝေးကွာခြင်းတို့ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဗူဟုရိုင်ရဟ် (ရဲဿွိယလ္လာဟုအန်ဟု) ထံမှ ဆင့်ပြန်လာရှိသော ဟဒီးဆ်တော်အရ ဖြစ်သည်။ သူက ပြောပြသည်မှာ : အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) က မိန့်ကြားတော်မူသည်မှာ-

«خَيْرُ صُفُوفِ الرِّجَالِ أَوَّلُهَا، وَشَرُّهَا آخِرُهَا، وَخَيْرُ صُفُوفِ النِّسَاءِ آخِرُهَا، وَشَرُّهَا أَوَّلُهَا»[14]،

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၃၈).

အမျိုးသားများအတွက် အကောင်းဆုံး ဆွဖ်အတန်းသည် ပထမဆုံးတန်းဖြစ်၍ အဆိုးဆုံး ဆွဖ်အတန်းသည် တန်းသည် နောက်ဆုံးတန်း ဖြစ်သည်။ အမျိုးသမီးများအတွက် အကောင်းဆုံးဆွဖ်အတန်းသည် နောက်ဆုံးတန်းဖြစ်၍ အဆိုးဆုံးစွတ်ဖ်အတန်းသည် ပထမဆုံးတန်း ဖြစ်သည်။။[1] သို့သော် သူမတို့သည် သီးသန့်ဝတ်ပြုနေကြပါက၊ သို့မဟုတ် မတ်စ်ဂျိဒ်နဗဝီတွင်ကဲ့သို့ သူမတို့နှင့် အမျိုးသားများကြား တွင် အကာအရံရှိနေပါက၊ သူမတို့၏ အကောင်းဆုံးစွတ်ဖ် အတန်းသည် ပထမဆုံးအတန်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းနှင့်ပတ်သက်သည့် အကြောင်းရင်းမှာ ပပျောက်သွားသောကြောင့် ဖြစ်သည်။

အိမာမ်၏နောက်တွင် ဆွလာသ်ဝတ်ပြုရန်နှင့် ၎င်း၏ ရှေ့သို့ ကျော်တက်ခြင်းမှ သတိပြုရှောင်ကြဉ်ရန်ဖြစ်သည်။ ဤသည်မှာ အဘူဟုရိုင်ရဟ် (رضي الله عنه) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်သြဝါဒတော်ပေါ်တွင် အခြေခံထားသည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာ -

«إِنَّمَا جُعِلَ الإِمَامُ لِيُؤْتَمَّ بِهِ»[15].

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၄၀).

စင်စစ်သော်ကား အိမာမ်ရှေ့ဆောင်အား ထားရှိရခြင်းမှာ သူ့အား လိုက်နာရန်အတွက်သာ ဖြစ်သည်။.[1]

မလွဲမရှောင်သာသော အခြေအနေမျိုးနှင့် ဗလီအတွင်း ဆွလာသ်ဝတ်ပြုသူများဖြင့် ပြည့်နှက်နေပြီး အိမာမ်ရှေ့ဆောင်၏ ရှေ့မှလွဲ၍ ဆွလာသ်ဝတ်ပြုရန် နေရာမရသည့် အခြေအနေမျိုးမှအပ ဆွလာသ်ဝတ်ပြုသူသည် အိမာမ်ရှေ့ဆောင်၏ အရှေ့သို့ထွက်၍ ဝတ်ပြုပိုင်ခွင့်မရှိပါ။

ဆွဖ်အတန်းများကြားရှိ ကွက်လပ်များနှင့် ဟာနေသော နေရာများကို ဖြည့်ဆည်းရန်နှင့် ယင်းတို့ကို ဖြောင့်တန်းစေရန် ထက်သန်သောဆန္ဒထားရှိခြင်း၊ သို့ရာတွင် လူများကို တိုးဝှေ့ခြင်း၊ အနှောင့်အယှက်ပေး ကျပ်တည်းစေခြင်း၊ ၎င်းတို့၏ လည်ပင်းများပေါ်မှ ကျော်ခွသွားခြင်းနှင့် ဆွလာသ်ဝတ်ပြုသူများ၏ ရှေ့မှ ဖြတ်သွားခြင်းတို့ကို သတိပြုရှောင်ကြဉ်ရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ပြုလုပ်ခြင်းသည် ၎င်းအား အပြစ်ဖြစ်စေသောကြောင့် ဖြစ်သည်။

[1] မုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၇၂၂) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၁၇).

အကယ်၍ လွယ်ကူမှုရှိပါက ရောင်သွာတော်၌ ဆွလာသ်ဝတ်ပြုရမည်။ အဘယ်ကြောင့်ဆိုသော် အဗူဟုရိုင်ရဟ်(ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«مَا بَيْنَ بَيْتِي وَمِنْبَرِي رَوْضَةٌ مِنْ رِيَاضِ الجَنَّةِ، وَمِنْبَرِي عَلَى حَوْضِي»[16].

"" ငါကိုယ်တော်မြတ်၏ အိမ်နှင့် မင်န်ဗရ် ကြားတွင် ဂျန္နသ်၏ ဥယာဉ်များအနက်မှ ဥယာဉ်တစ်ခုရှိလေသည်။ ထို့ပြင် ငါကိုယ်တော်မြတ်၏ မင်န်ဗရ်သည် ငါကိုယ်တော်မြတ်၏ ဟောင်ဇ်ရေကန်တော်အပေါ်တွင် ရှိလေသည် ”။"[1]

ရောင်သွာတော်၌ ဆွလာသ်ဆောက်တည်ခြင်း၏ ထွဋ်မြတ်မှုနှင့်ပတ်သက်၍ သီးခြားအကျိုးကုသိုလ်တစ်စုံတစ်ရာ ဖော်ပြလာရှိထားခြင်းမရှိပေ။ သို့ရာတွင် -အထက်ဖော်ပြပါ အဗူဟုရိုင်ရဟ်(ရသွိယလ္လာဟုအန်ဟု)၏ ဟဒီးဆ်တော်က ညွှန်ပြထားသည့်အတိုင်း- ၎င်းသည် ဂျန္နသ်သုခဘုံ၏ ဥယျာဉ်များအနက်မှ ဥယျာဉ်တစ်ခုဖြစ်ကြောင်း အခိုင်အမာလာရှိထားသည်။ အိဗာဒသ်(ခဝပ်ကိုးကွယ်မှု)

[1] တညီတညွတ်တည်း သဘောတူညီထားသည်။ ။ ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၉၅ ) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၀)

များသည် ၎င်းတို့ပြုလုပ်ရာ အချိန်ကာလနှင့် နေရာဒေသ၏ မွန်မြတ်မှုကြောင့် သာပိုမွန်မြတ်ပေသည်။

* ဇေယာရသ်ပြုလုပ်သူသည် ရောင်သွာတော်၌ ဆွလာသ်ဝတ်ပြုရန်အတွက် သင့်လျော်သောအချိန်များကို ရွေးချယ်ရမည်။ ထို့ပြင် လူရှုပ်ထွေးမှုနည်းပါးသော အချိန်များကို ရွေးချယ်ရန် ကြိုးစားရမည်။ ၎င်း၌ ဆွလာသ်ဝတ်ပြုနိုင်ရန်အတွက် မိမိ၏ မွတ်စ်လင်မ် ညီနောင်များအား တိုးဝှေ့ခြင်းမပြုပိုင်ပေ။ အခြားသူများကို ကျော်ခွခြင်းမပြုရ၊ ဆွလာသ်ဝတ်ပြုနေသူများ၏ ရှေ့မှ ဖြတ်လျှောက်ခြင်းမပြုရပေ။ အဘယ်ကြောင့်ဆိုသော် ရောင်သွာတော်၌ ဆွလာသ်ဝတ်ပြုခြင်းသည် နဖိလ်သာဖြစ်သည်။ သို့ဖြစ်၍ ၎င်းကို ဟရာမ် (တားမြစ်ချက်) ကျူးလွန်ခြင်းဖြင့် မရယူရပေ။ ထို့အပြင် ဇေယာရသ်ပြုလုပ်သူသည် ရောင်သွာတော်သို့ ဝင်ရောက်ရန် ချမှတ်ထားသော သီးသန့်စည်းကမ်းချက်များနှင့် စီစဉ်မှုများကို လိုက်နာစောင့်ထိန်းရန်၊ သင့်လျော်သော အချိန်များကို ရွေးချယ်ရန်နှင့် ဇေယာရသ်ပြုလုပ်သူများ ဝင်ရောက်နိုင်ရန် စီစဉ်ပေးနေသော တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အထူးဂရုပြုရမည်။

ဆွလာသ်ဝတ်ပြုခြင်း၊ ကျမ်းတော်မြတ်ကုရ်အာန်ရွတ်ဖတ်ခြင်း၊ ဇိကိရ်ပြုလုပ်ခြင်း၊ ဒိုအာဆုတောင်းခြင်း၊ ဇိကိရ်ဝိုင်းများ၊ ဘာသာရေးပညာသင်ခန်းစာများနှင့် ကျမ်းတော်မြတ်ကုရ်အာန် သင်ကြားရေးဝိုင်းများသို့ တက်ရောက်ခြင်း အစရှိသည့် မိမိ၏ဖန်ဆင်းရှင်အရှင်မြတ်ထံ ချဉ်းကပ်စေမည့် ကောင်းမှုကုသိုလ်များကို များစွာပြုလုပ်ခြင်းဖြင့် အချိန်များကို အကျိုးရှိစွာအသုံးချခြင်း။

အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ကို ဂုဏ်ပေးလေးစားခြင်းနှင့် ၎င်း၏ စာရွက်များကို မလေးမစားပြုခြင်း၊ ၎င်းအပေါ် စာရေးသားခြင်း၊ သို့မဟုတ် ၎င်း၏ဘေးတွင် ဖိနပ်ထားခြင်း၊ သို့မဟုတ် မြေကြီးပေါ်တွင် ချထားခြင်းနှင့် အခြားအလားတူ လုပ်ရပ်များဖြင့် သေးသိမ်အောင်ပြုခြင်းတို့မှ ထိန်းသိမ်းစောင့်ရှောက်ခြင်း။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်-

﴿ذَٰلِكَۖ وَمَن يُعَظِّمۡ شَعَٰٓئِرَ ٱللَّهِ فَإِنَّهَا مِن تَقۡوَى ٱلۡقُلُوبِ32﴾

(ယင်းသို့ပင်ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ သာသနာ့အမှတ်အသားများကို ဂုဏ်ပေးလေးစားပါလျှင် စင်စစ် ယင်းသို့ပြုခြင်းသည် စိတ်နှလုံး

များ၏ (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်မှုအနက်မှပင် ဖြစ်ပေသတည်း။ ၃၂) [စူရဟ် ဟဂ်ျ ၃၂]

အလ္လာဟ်အရှင်မြတ် ဟရာမ်ဟုသတ်မှတ်ထားသောအရာများမှ မျက်လွှာကိုထိန်းခြင်း - တမန်တော်မြတ် ( صلى الله عليه وسلم ) ၏ ဗလီအား ဇိယာရသ်ပြုလုပ်သူသည် မိမိကြည့်ရှုခွင့်မရှိသောအရာများမှ မိမိ၏မျက်လွှာကိုထိန်းရန် ဝါဂျိဗ်တာဝန်ဖြစ်သည်။ ထို့ပြင် ဤနေရာဌာနများတွင် အပြစ်ကျူးလွန်ခြင်း၏ ကြီးလေးမှုနှင့် ယင်းမှတဆင့် ဖြစ်ပေါ်လာမည့် ပြစ်ဒဏ်များကိုလည်း သိရှိထားရမည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကာလနှင့် နေရာဌာန၏ ကြီးမြတ်မှုအပေါ်မူတည်၍ အပြစ်များသည် ပမာဏနှင့် သဘောသဘာဝအရ ပိုမိုကြီးလေးသွားတတ်သောကြောင့်ဖြစ်သည်။ ထိုနည်းတူစွာပင် ကုသိုလ်ကောင်းမှုများသည်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ မွတ်စ်လင်မ်အမျိုးသမီးသည် ရှရီအသ်တရားတော်နှင့်အညီ ဟိဂျာဗ်ဝတ်ဆင်ရန် အလေးထားဂရုစိုက်ရမည်ဖြစ်ပြီး ယောက်ျားများ ဖစ်သ်နာမဖြစ်စေရန် မိမိ၏အလှအပများကို ဖော်ပြခြင်းမပြုရ။ အဘယ်ကြောင့်

ဆိုသော် လုပ်ရပ်၏အပြစ်မှာ အလွန်ကြီးမားသောကြောင့် ဖြစ်သည်။

လက်ကိုင်ဖုန်းဖြင့် ဓါတ်ပုံရိုက်ကူးခြင်း သို့မဟုတ် ရုပ်ပုံများနှင့် ဗီဒီယိုများကို ကြည့်ရှုခြင်းတို့ဖြင့် အချိန်ကုန်နေခြင်းမှ ရှောင် ကြဉ်ရန် အရေးကြီးပေသည်။ အကယ်၍ ထိုရုပ်ပုံများနှင့် ဗီဒီယိုများသည် တားမြစ်ထားသောအရာများ ဖြစ်မည်ဆိုလျှင် ယင်းကိစ္စသည် ပို၍ပင် အန္တရာယ်ကြီးမား လှပေသည်။

နဗဝီဗလီဝတ်ကျောင်းတော်ကို ၎င်းနှင့် မသင့်လျော်သောအရာများဖြစ်သည့် ခိုက်ရန်ဖြစ်ပွါးခြင်း၊ အသံကျယ်လောင်စွာစ ကားပြောခြင်း၊ ပျောက်ဆုံးသွားသောအရာကို ရှာဖွေခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း စသည်ဖြင့် ယင်း ဗလီဝတ် ကျောင်းတော်တွင်သာမက အခြားသော ဗလီဝတ်ကျောင်းတော်များတွင်ပါ မပြုလုပ်အပ်သော ကိစ္စရပ်များအားလုံးမှ ကင်းစင်စေခြင်းဖြစ်သည်။ အဗူဟုရိုင်ရဟ် (ရသွိယလ္လာဟုအန်ဟု) က နဗီတမန်တော် (ﷺ) ထံမှ ဆင့်ပြန်ထားသော ဟဒီးဆ်တော်အရ ကိုယ်တော်က ဤသို့ မိန့်ကြားတော်မူခဲ့သည်-

«إِذَا رَأَيْتُمْ مَنْ يَبِيعُ أَوْ يَبْتَاعُ فِي المَسْجِدِ، فَقُولُوا: لَا أَرْبَحَ اللَّهُ تِجَارَتَكَ، وَإِذَا رَأَيْتُمْ مَنْ يَنْشُدُ فِيهِ ضَالَّةً، فَقُولُوا: لَا رَدَّ اللهُ عَلَيْكَ»[17].

အကယ်၍ အသင်တို့သည် ဗလီဝတ်ကျောင်းတော်ထဲတွင် ဈေးရောင်းနေသူ သို့မဟုတ် ဝယ်ယူနေသူကို တွေ့မြင်ပါက ဤသို့ပြောကြကုန်။ အလ္လာဟ်အရှင်အသင်၏ရောင်းဝယ်မှုတွင် ဗရကဟ်တိုးပွါးမှု (ကောင်းကျိုး)မပေးပါစေနှင့်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းထဲတွင် ပျောက်ဆုံးသွားသော တိရစ္ဆာန်အား ကြေညာရှာဖွေနေသူကို တွေ့မြင်ပါက ဤသို့ပြောကြကုန်။ အလ္လာဟ်အရှင်မြတ်က သင့်ကို ထိုအရာကို ပြန်မပေးပါစေနှင့်။[1]

တစ်ကိုယ်ရေသန့်ရှင်းမှုအား အလေးထားရမည်ဖြစ်ပြီး ၊ ဆွလာသ်ဝတ်ပြုကြသော အခြားညီနောင်များအား အနှောင့် အယှက်ဖြစ်စေမည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မီးခိုးငွေ့၊ ချွေးနှင့် အခြားအလားတူ အရာများကဲ့သို့သော အနံ့ဆိုးများမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ် (ရဿိယလ္လာဟုအန်ဟ်) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်တွင် အလ္လာဟ်အရှင်မြတ်၏

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၂၁) / အိဗ်နုခုဇိုင်မာကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၀၅)၊ ဆဟီးဟ်ဖြစ်သော စနဒ်ဖြင့် ဆင့်ပြန်ထားသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ဤသို့ မိန့်ကြားတော်မူခဲ့သောကြောင့် ဖြစ်သည်-

«مَنْ أَكَلَ ثُومًا أَوْ بَصَلًا، فَلْيَعْتَزِلْنَا - أَوْ قَالَ: فَلْيَعْتَزِلْ مَسْجِدَنَا - وَلْيَقْعُدْ فِي بَيْتِهِ»[18].

"မည်သူမဆို ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်နီ စားထားပါက ငါကိုယ်တော်တို့နှင့် သီးခြားခွဲ၍နေလော့။ (သို့မဟုတ် ဤသို့ မိန့်ဆိုခဲ့သည်။) ငါကိုယ်တော်တို့၏ ဗလီနှင့် သီးခြားခွဲ၍နေလော့။ မိမိ၏ အိမ်၌ပင် ထိုင်နေလော့"။[1]

နဗဝီဗလီဝတ်ကျောင်းတော်၏ သန့်ရှင်းရေးကို အလေးထားဂရုစိုက်ခြင်းနှင့် ဗလီဝတ်ကျောင်းတော်အတွင်းနှင့် ၎င်း၏ ရင်ပြင်များတွင် အထူးသဖြင့် ရမသွာန်လ၌ စားကြွင်း စားကျန်များနှင့် အိဖ်သွာရ်အခင်းများကဲ့သို့သော အမှိုက်များ မစွန့်ပစ်ခြင်း၊ သို့မဟုတ် လျှောက်လမ်းများနှင့် ရင်ပြင်များ၌ တံတွေးထွေးခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်း။

၎င်းမှတစ်ဆင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများ၊ လမ်းများပိတ်ဆို့ခြင်းနှင့် မွတ်စလင်များအား အနှောင့်အယှက်ဖြစ်

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၇၃၅၉) /မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၆၄).

စေခြင်းတို့ကြောင့် လူသွားလမ်းများ၊ တံခါးဝင်ပေါက်များ နှင့် လူစည်ကားသော နေရာများတွင် ဆွလာသ်ဝတ်ပြုခြင်းကို ရှောင်ကြဉ်ရန်ဖြစ်သည်။

တမန်တော်မြတ်၏ ဗလီဝတ်ကျောင်းတော် အတွင်း၌ဖြစ်စေ၊ ၎င်း၏ ရင်ပြင်များ၌ဖြစ်စေ၊ အမျိုးသားများနှင့် အမျိုးသမီးများသည် မိမိတို့အတွက် အသီးသီး သတ်မှတ်ထားသော နေရာများတွင် ဆွလာသ်ဝတ်ပြုရမည်။ အမျိုးသားသည် အမျိုးသမီး၏ ဘေးတွင် ဆွလာသ်ဝတ်ပြုခြင်း မပြုရသကဲ့သို့၊ အမျိုးသမီးသည်လည်း အမျိုးသား၏ ဘေးတွင် ဆွလာသ်ဝတ်ပြုခြင်း မပြုရပေ။ ထို့ပြင် အိမာမ်၏ရှေ့သို့ ကျော်လွန်ခြင်းမှ တတ်နိုင်သမျှ သတိပြုရှောင်ကြဉ်ရမည်။

ဗလီမှ ထွက်ရာတွင် ဘယ်ခြေဖြင့်ထွက်၍ ဤဒုအာကို ရွတ်ဆိုပါ။

«اللهُمَّ إِنِّي أَسْأَلُكَ مِنْ فَضْلِكَ»[19]،

(اللّٰهُمَّ إِنِّي أَسْأَلُكَ مِنْ فَضْلِكَ)၊

အဓိပ္ပါယ်။ ။အို-အလ္လာဟ်အရှင်မြတ်၊ မုချကေန် ကျွန်တော်မျိုးသည် အရှင့်ထံတော်ပါးမှ အရှင်မြတ်၏ ကျေးဇူးတော်

ကို တောင်းခံပါ၏။[1] သို့မဟုတ် တမန်တော်မြတ်(ﷺ)ပေါ်သို့ ဆွလားသ်မေတ္တာပို့သပြီး ဤသို့ရွတ်ဆိုရမည် -

«رَبِّ اغْفِرْ لِي ذُنُوبِي، وَافْتَحْ لِي أَبْوَابَ فَضْلِكَ»[20].

«رَبِّ اغْفِرْ لِي ذُنُوبِي، وَافْتَحْ لِي أَبْوَابَ فَضْلِكَ».

အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကျေးဇူးတော်တံခါးများကို ဖွင့်လှစ်ပေးတော်မူပါ။[2]

## စတုတ္ထ - တမန်တော်မြတ် (ﷺ) နှင့် ၎င်း၏ မိတ်ဆွေအဖော်မွန်ဖြစ်သည့် စွဟာဗဟ်နှစ်ပါး (ရည္ဿိယလ္လာဟုအန်ဟုမာ) တို့၏ ကဗရ်ကို ဇိယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ပညတ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းများ

* မဒီနာမြို့တွင် ရှိနေသူများနှင့် မဒီနာမြို့သို့ ညွှဲ့သည်အဖြစ်ဖြစ်စေ၊ ဇိယာရသ်ပြုလုပ်ရန်အတွက်ဖြစ်စေ ရောက်ရှိလာသူများအဖို့ တမန်တော်မြတ်(ﷺ)၏ ကဗရ်နှင့် တမန်

---

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၁၃).

[2] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၁၄)၊ ဆွဟီးဟ် စနဒ်ဖြင့်လာရှိထားသည်။

တော်မြတ်၏ အဆွေတော်နှစ်ပါးဖြစ်သူ အဗူဘာကရ်(رضي الله عنه) နှင့် အုမရ် (رضي الله عنه) တို့၏ ကဗရ်များအား ဇိယာရသ်ပြုလုပ်ခြင်းသည် မွတ်စ်သဟာဗ်ဖြစ်သည်။ ဤသည်မှာ ကဗရ်သင်္ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်ခြင်းကို ရှရီအသ်တွင် ပြဋ္ဌာန်းထားကြောင်း ညွှန်ပြနေသော ယေဘုယျ သက်သေအထောက်အထားများကြောင့်ဖြစ်သည်။ ထိုအထောက်အထားများအနက် တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်မှာ-

«نَهَيْتُكُمْ عَنْ زِيَارَةِ الْقُبُورِ، فَزُورُوهَا»[21].

"ယခင်က ငါတမန်တော် အသင်တို့အား ကဗရ်များကို ဇေယာရသ်ပြုလုပ်ခြင်းမှ တားမြစ်ခဲ့၏။ ယခုမူ အသင်တို့ ကဗရ်များအား သွားရောက်ဇေယာရသ်ပြုလုပ်ကြပါ။"[1]

တမန်တော်မြတ်(ﷺ) ကွယ်လွန်တော်မူပြီးနောက် ကိုယ်တော်မြတ်(ﷺ)အပေါ် စလာမ်ပို့သခြင်း၏ ထွတ်မြတ်မှုကို ဖော်ပြလျက် တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူထားသည်မှာ-

---

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၇၇)

«مَا مِنْ أَحَدٍ يُسَلِّمُ عَلَيَّ، إِلَّا رَدَّ اللهُ عَزَّ وَجَلَّ إِلَيَّ رُوحِي حَتَّى أَرُدَّ عَلَيْهِ السَّلَامَ»[22].

မည်သူမဆို ငါကိုယ်တော့်အပေါ် စလာမ်ပို့သလျှင်၊ ငါကိုယ် တော်သည် ထိုသူ့အား စလာမ်ပြန်လည် ဖြေကြားနိုင်ရန် အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော့်ဝိညာဉ်ကို ငါကိုယ်တော့်ထံ ပြန်လည်ပေးတော်မူသည်။[1]

* အမျိုးသမီးများအဖို့ တမန်တော်မြတ် (ﷺ) ကဗရ်နှင့် အခြားမွတ်စ်လင်မ်တို့၏ ကဗရ်များအား ဇိယာရသ်ပြုလုပ်ခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကဗရ်သင်္ချိုင်းများသို့ သွား ရောက်ဇိယာရသ်ပြုလုပ်ခြင်းကို အမျိုးသားများအတွက်သာ ရှရီအ်တရားတော်က ခွင့်ပြုထားပေသည်။ အမျိုးသမီးများကိုမူ ကဗရ်သင်္ချိုင်းများသို့ သွားရောက်ဇိယာရသ်ပြုလုပ်ခြင်းမှ တားမြစ်ထားပေသည်။ အိဗ်နုအဗ္ဗားစ် (ရသ္ဒိယလ္လာဟုအန်ဟုမာ) က ဆင့်ပြန်ခဲ့သည်မှာ-

«لَعَنَ رَسُولُ اللَّهِ ﷺ زَائِرَاتِ الْقُبُورِ، وَالْمُتَّخِذِينَ عَلَيْهَا الْمَسَاجِدَ وَالسُّرُجَ»،

"ကဗရ်သင်္ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်သည့် အမျိုးသမီးများ၊ ၎င်းတို့အပေါ် စဂျ်ဒဟ်ဦးချရာ နေရာ

[1] မွတ်စ်နဒ် အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၈၁၅)၊ ဟစန် စနဒ်ဖြင့်လာရှိထားသည်။

များအဖြစ် ပြုလုပ်ကြသူများနှင့် မီးခွက်များ ထွန်းညှိကြသူများကို တမန်တော်မြတ် (ﷺ) က လအ်နသ်ပြုကျိန်ဆဲထားတော်မူသည်။"၊[1] အဗူဟုရိုင်ရဟ်(ရဿိယလ္လာဟုအန်ဟု) က ဆင့်ပြန်ခဲ့သည်။

«أَنَّ رَسُولَ اللَّهِ ﷺ لَعَنَ زَوَّارَاتِ الْقُبُورِ»[24].

"တမန်တော်မြတ် ﷺ သည် ကဗရ်သင်္ချိုင်းသို့ သွားရောက်ဇိယာရသ်ပြုသည့် အမျိုးသမီးများကို လအ်နသ် (အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးစေရန်) ကျိန်ဆဲထားတော်မူသည်။"[2]

* မိမိ၏ ခရီးစဉ်၌ ကဗရ်ကိုသာ ဇိယာရသ်ပြုလုပ်ရန် ရည်ရွယ် ချက်ထားကာ တမန်တော်မြတ် (ﷺ) ၏ ကဗရ်အားဇိယာရသ်ပြုလုပ်ရန်အတွက် ခရီးထွက်ခြင်း မပိုင်ပေ။ ခရီးထွက်လျှင် ဗလီဝတ်ကျောင်းတော်အား ဇိယာရသ်ပြုလုပ်ရန်နှင့် ထိုဗလီ၌ ဆွလာသ်ဝတ်ပြုရန်အတွက်သာ ရည်ရွ

[1] အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၂၃၆)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၂၀)/ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၂၀၄၃)

[2] တိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၅၆)၊
အိဗ်နေမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၅၇၆)၊
ဟစန်အဆင့်ရှိ စနဒ်ဖြင့် ဆင့်ပြန်ထားသည်။

ယ်ချက်ထားရမည်။ မဒီနဟ်သို့ ရောက်ရှိအခြေချသည့်အခါ မဒီနဟ်မြို့၌ နေထိုင်သူ မြို့ခံများအတွက် ပြဋ္ဌာန်းထားသကဲ့သို့ပင် ၎င်းအဖို့လည်း ကဗရ်အား ဇိယာရသ်ပြုလုပ်ရန် ရှရီအသ်တွင် ပြဋ္ဌာန်းထားသည်။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။

«لَا تُشَدُّ الرِّحَالُ إِلَّا إِلَى ثَلَاثَةِ مَسَاجِدَ: مَسْجِدِي هَذَا، وَمَسْجِدِ الحَرَامِ، وَمَسْجِدِ الأَقْصَى»[25].

"ဗလီဝတ်ကျောင်းတော်သုံးခုမှအပ ကျန်နေရာများအား အိဗာဒသ်၏ ရည်ရွယ်ချက်ဖြင့် ခရီးမထွက်ရ။ (၎င်းတို့မှာ) ငါတမန်တော်မြတ်၏ ဗလီဝတ် ကျောင်းတော်၊ ဟရာမ် ဗလီဝတ် ကျောင်းတော်နှင့် အက္ကစ္စာဗလီဝတ်ကျောင်းတော်တို့ဖြစ်သည်။"[1]

တမန်တော်မြတ် (ﷺ) နှင့် ၎င်း၏ မိတ်ဆွေအဖော်မွန်ဖြစ်သည့် စွဟာဗဟ်နှစ်ပါး (رضي الله عنهما) ၏ ကဗရ်ကို ဇိယာရသ်ပြု လုပ်ရာတွင် ရှရီအသ်တွင် ပြဋ္ဌာန်းထားသည့် အာဒါဗ်စည်း ကမ်းများ။

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၈၉) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၉၇) ၎င်းမှာ မွတ်စ်လင်မ်၏စာသားဖြစ်သည်။

ဇိယာရတ်ပြုလုပ်သူသည် တမန်တော်မြတ် (ﷺ) ၏ ကဗရ်ရှေ့တွင် ကဗရ်ဘက်သို့ မျက်နှာမူလျက် ရပ်ရမည်။ ထို့နောက် တမန်တော်မြတ် (ﷺ) အပေါ်သို့ ရိုရိုသေသေနှင့် အသံကိုနှိမ့်ချလျှက် ဤသို့ စလာမ်မေတ္တာပို့သရမည်။ (السلامُ عليك يا رسول الله، ورحمة الله وبركاته) - အတ်စ်လာမုအလိုင်ကယာရစူလ္လာဟိ ဝရဟ်မသွလ္လာဟိ ဝဗရကာသုဟူ - (အို အလ္လာဟ်ရဲ့ရစူလ် ကိုယ်တော့်ပေါ်သို့ အလ္လာဟ်အရှင်မြတ် ဘက်တော်မှ ငြိမ်းချမ်းသာယာမှု၊ ကရုဏာနှင့် ကောင်းချီးမင်္ဂလာများကျရောက်ပါစေ)။ အကယ်၍ ယင်းထက်ပို၍ အောက်ပါအတိုင်းပြောဆိုလျှင်လည်း ပြဿနာမရှိပေ။

(أشهد أنك قد بلغت الرسالة، وأديت الأمانة، ونصحت الأمة، وجاهدت في الله حق الجهاد) - (ကိုယ်တော်သည် ရစူလ်တမန်တော်၏တာဝန်ကို ပို့ချတော်မူခဲ့ကြောင်း၊ အမာနသ်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြောင်း၊ အုမ္မသ်အား ဆုံးမလမ်းညွှန်တော်မူခဲ့ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် စစ်မှန်သော ဂျေဟာဒ်ပြုတော်မူခဲ့ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါသည်)။ အဘယ်ကြောင့်ဆိုသော် ဤအရာအားလုံးသည် အမှန်တရားပင်ဖြစ်သောကြောင့်ဖြစ်သည်။

ထို့နောက် ညာဘက်သို့ တစ်လှမ်းတိုး၍ အဗူဘကရ် အတ်စ်ဆစ်ဒီးက် (رضي الله عنه) ၏ ကဗရ်ကို မျက်နှာမူလျက် ဤသို့ဆိုရမည်။

(السلام عليك يا خليفة رسول الله ﷺ، السلام عليك يا أبا بكر الصديق، رضي الله عنك وأرضاك، وجزاك عن أمة محمد ﷺ خيرًا)

- အတ်စ်စလာမုအလိုင်က ယာ အဗာဘကရ် အတ်စ်ဆစ်ဒီးက်၊ အတ်စ်စလာမုအလိုင်က ယာ ခလီဖသ ရစူလ္လာဟ် (ﷺ)၊ ရသ္ဒီယလ္လာဟုအန်က ဝအရ်သွ့ာက၊ ဝဂျဇာက အန် အွမ္မသိ မုဟမ္မဒ် (ﷺ) ခိုင်ရန် - (အို အဗူဘကရ် အတ်စ်ဆစ်ဒီးက် အသင်၏ အပေါ်သို့ ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ် (ﷺ) ၏ ခလီဖာ အသင်၏အပေါ်သို့ ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ အလ္လာဟ်အရှင်မြတ်သည် အသင့်အပေါ် ကျေနပ်နှစ်သက်တော်မူပါစေ၊ အသင့်အားလည်း ကျေနပ်နှစ်သက်မှု ပေးသနားတော်မူပါစေ။ ထို့ပြင် မုဟမ္မဒ် (ﷺ) ၏ အွမ္မသ်ကိုယ်စား အသင့်အား ကောင်းမြတ်သော အကျိုးဆုလာဘ် ချီးမြှင့်တော်မူပါစေ။)

ထို့နောက် ညာဘက်သို့ တစ်လှမ်း တိုးရွှေ၍ အုမရ် ဗင်န် ခဿသွာဗ် (رضي الله عنه) ၏ ကဗရ် အား မျက်နှာမူကာ ဤ သို့ ပြောဆိုရမည်။

(السلامُ عليك يا عمر الفاروق رضي الله عنك وأرضاك، وجزاك ع ن أمة محمد ﷺ خيرًا)

- အဿလာမုအလိုင်က ယာ အုမရလ်ဖာရူးက်၊ ရဿိ ယလ္လာဟုအန်က ဝအရ်ဿာက်၊ ဝဂျဇာက အန် အုမ္မသိ မုဟ မ္မဒ် (ﷺ) ခိုင်ရာ - (အို အုမရ် အလ်ဖာရူးက်၊ သင့်အပေါ်သို့ ငြိ မ်းချမ်းသာယာမှု ကျရောက်ပါစေ။ အလ္လာဟ်အရှင်မြတ် သည် သင့်ကို နှစ်မြို့တော်မူပါစေ၊ သင့်အားလည်း ကျေနပ် နှစ်သိမ့်မှု ပေးသနားတော်မူပါစေ။ ထို့ပြင် မုဟမ္မဒ် (ﷺ) ၏ အုမ္မသ်ကိုယ်စား သင့်ကို ကောင်းမြတ်သော အကျိုးဆုလာ ဘ် ချီးမြှင့်တော်မူပါစေ။)

အိဗ်နုအုမရ် (ရဿိယလ္လာဟုအန်ဟုမာ) သည် ခရီးမှ ပြ န်လာသောအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်) ၏ ကဗရ်သို့ လာရောက်၍ ဤသို့ ဆိုလေ့ရှိသည် - "« السلام عليك يا رسول الله، السلام عليك يا أبا بكر، السلام عليك ي ا أبتاه) အဿလာမုအလိုင်က ယာရစူလ္လာဟ်၊ အဿလာမုအလိုင်က ယာ အဗာဘကရ်၊ အဿလာမုအလိုင်

က ယာအဗသာဟု ဟုပြောကာ ထို့နောက် လှည့်ပြန်သွားသည်။ ».”[1]

ကဗရ်၏ နံရံများကိုဖြစ်စေ၊ အကာအရံများကိုဖြစ်စေ မထိကိုင်ရ၊ ၎င်းတို့ကို နမ်းရှုံ့ခြင်းလည်း မပြုရ။

အိမာမ် မာလိက် (رحمه الله) က ပြောကြားသည်မှာ- "တမန်တော်မြတ် (ﷺ) အပေါ်သို့ စလာမ်မေတ္တာပို့သသော အခါကစ်ဗ်လာဘက်သို့ မဟုတ်ဘဲ ကဗရ်ဘက်သို့ မျက်နှာမူလျက် ရပ်ရမည်။ အနီးသို့ကပ်၍ စလာမ်ဆိုရမည်ဖြစ်ပြီး ကဗရ်အား လက်ဖြင့် မထိတွေ့ရပေ။".[2]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ကဗရ်အား လက်ဖြင့် ထိတွေ့ခြင်းနှင့် နမ်းရှုံ့ခြင်းတို့ မပြုလုပ်ရကြောင်းကို အိမာမ်များက တညီတညွတ်တည်း သဘောတူညီထားကြသည်။

ကဗရ်အနားတွင် ကြာရှည်စွာ ရပ်မနေဘဲ စလာမ်ပို့သပြီး ထို့နောက် ထိုနေရာမှ ထွက်ခွါရမည်။

---

1 ဗိုင်ဟကီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၂၇၁)၊ ဆွဟီးဟ်စနဒ်ဖြင့် ဆင့်ပြန်ထားသည်။

2 ကာဒ္ဒီ အီယာဒ် ၏ အရှ်ရှိဖာ ကျမ်း ( အတွဲ ၂ / စာမျက်နှာ ၁၉၉ )

အိမာမ် မာလိက် (رحمه الله) က ပြောကြားသည်မှာ- "တမန်တော်မြတ် (ﷺ) ၏ ကဗရ်တွင် ရပ်၍ ဒုအာတောင်းခြင်းကို ကျွန်ုပ် အမြင်မရှိပေ။ သို့သော် စလာမ်ပို့သပြီး ထွက်ခွာသွားရမည်ဖြစ်သည်။"[1]

နာဖိအ် (رحمه الله) က ပြောကြားသည်မှာ- "အိဗ်နု အုမရ်သည် ကဗရ်တွင် စလာမ်မေတ္တာ ပို့သလေ့ရှိသည်။.. ၎င်းသည် ကဗရ်သို့ လာရောက်ကာ ( السلام على النبي ﷺ. السلام على أبي بكر ، السلام على أبي ) အတ်စ်စလာမုအလန်နဗီ (ﷺ)၊ အတ်စ်စလာမုအလာ အဗီဘကရ်၊ အတ်စ်စလာမုအလာ အဗီ ဟုပြောဆိုပြီး ထို့နောက် လှည့်ပြန်သွားလေ့ရှိသည်ကို အကြိမ်တစ်ရာနှင့် ထိုထက်မက ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။။"[2]

အချို့ဇိယာရသ်ပြုလုပ်သူများ လုပ်သလို တမန်တော်မြတ်၏ ကဗရ်နားတွင် အသံကျယ်ကျယ်လောင်လောင်ပြုခြင်း၊ အချိန်အကြာကြီးရပ်ခြင်းတို့သည် တရားတော်နှင့် ဆန့်ကျင်ပေသည်။

---

[1] ကွာဒီအိယာဒ် ၏ အရ်ရှိဖာ ကျမ်း ( အတွဲ ၂ / စာမျက်နှာ ၁၉၉ )

[2] အာဗ္ဗရ်ရီ ၏ ရှရီအပ်ကျမ်း (၅ / ၂၃၇၄)၊ ဟဒီးဆ်အမှတ် (၁၈၅၃)

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံမှဖြစ်စေ၊ အခြားမည်သည့် ဖန်ဆင်းခံထံမှဖြစ်စေ ကောင်းကျိုးများရရှိရန်နှင့် ဆိုးကျိုးများဖယ်ရှားပေးရန် သို့မဟုတ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သို့မဟုတ် အခက်အခဲပြဿနာများကို ဖယ်ရှားပေးရန် သို့မဟုတ် မကျန်းမာသူအား ရောဂါသက်သာပျောက်ကင်းမှုပေးရန် သို့မဟုတ် ရှဖာအသ် (အသနားခံပေးမှု) ကို တောင်းခံရန် သို့မဟုတ် ပြစ်ဒဏ်မှ လွတ်မြောက်စေရန် သို့မဟုတ် ထိုကဲ့သို့သော အခြား ဒုအာဆုတောင်းခြင်းများကို တောင်းခံခြင်းသည် မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းမှအပ အခြားမည်သူမျှ စွမ်းဆောင်နိုင်ခြင်းမရှိသော အရာများတွင် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူများထံ ဒုအာတောင်းခံခြင်းသည် ဟရာမ် (တားမြစ်ထားသောအရာ) နှင့် ရှစ်ရ်က်အက္ကဗရ် (အကြီးမားဆုံးသော တွဲဖက်ကိုးကွယ်မှု) ဖြစ်သောကြောင့်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ-

﴿وَقَالَ رَبُّكُمُ ٱدۡعُونِيٓ أَسۡتَجِبۡ لَكُمۡۚ إِنَّ ٱلَّذِينَ يَسۡتَكۡبِرُونَ عَنۡ عِبَادَتِي سَيَدۡخُلُونَ
جَهَنَّمَ دَاخِرِينَ60﴾

ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်း ပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်း ကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် "ဂျဟန္နမ်"ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။ စူရဟ် ဂါဖိရ် - (၄၀:၆၀) အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّ ٱلَّذِينَ تَدۡعُونَ مِن دُونِ ٱللَّهِ عِبَادٌ أَمۡثَالُكُمۡۖ فَٱدۡعُوهُمۡ فَلۡيَسۡتَجِيبُواْ لَكُمۡ إِن كُنتُمۡ صَٰدِقِينَ194﴾

ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ် အရှင်မြတ်မှအပ ဟစ်ခေါ် (ကိုးကွယ်ဆည်းကပ်) ကြကုန်သောအရာတို့မှာလည်း အသင်တို့ကဲ့သို့ပင် ကျွန်များ(အဖန်ဆင်းခံများ) သာလျှင် ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အကယ်၍သာ အမှန်ကို ပြောဆိုသူ များဖြစ်ကြပါလျှင် အသင်တို့သည် ၎င်းတို့အားဟစ်ခေါ်ကြလေကုန်။ တဖန် ၎င်း

တို့သည်(လည်း) အသင်တို့အား ပြန်၍ထူးကြပါစေ။ (၁၉၄) စူရဟ် အအ်ရာဖ်-(၇:၁၉၄) ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَأَنَّ ٱلۡمَسَٰجِدَ لِلَّهِ فَلَا تَدۡعُواْ مَعَ ٱللَّهِ أَحَدٗا 18﴾

(ထို့ပြင် အမှန်စင်စစ် မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်များ သည် အလ္လာဟ် အရှင်မြတ်အတွက်ပင် ဖြစ်ခြင်းကြောင့် အ သင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သူ့ကိုမျှ မကိုးကွယ်ကြနှင့်။) [စူရဟ် ဂျင်န် - ၁၈]

ကဗရ်အနားတွင် အလ္လာဟ်အရှင်မြတ်ထံ ဒုအာမပြုရပေ။ အကယ်၍ ဒုအာပြုလိုပါက ကဗရ်မှ ရှေ့သို့တိုး၍ ကိဗ်လဟ်ဘက်သို့ မျက်နှာမူကာ ဒုအာပြုရမည်။ ဒုအာပြုရာတွင် ကဗရ်ဘက်သို့ မျက်နှာမူခြင်း မပြုရပေ။

အိမာမ် မာလိက် (رحمه الله) က ပြောကြားသည်မှာ- တမန်တော်မြတ် (ﷺ) ၏ ကဗရ်အနားတွင် ရပ်၍ ဒုအာတောင်းခြင်းကို ပြုသင့်သည်ဟု ကျွန်ုပ်မမြင်ပါ။

မဒီနဟ်တွင်နေထိုင်သူများအဖို့ဖြစ်စေ၊ ပြင်ပမှ လာရောက်ဇေယာရတ်ပြုသူများအဖို့ဖြစ်စေ ဗလီသို့ ဝင်သည့်အခါ သို့မ ဟုတ် ထွက်သည့်အခါ ကဗရ်ထံသို့ မကြာခဏ

သွားရောက်ခြင်းသည် ခွင့်မရှိပေ။ အကြောင်းမှာ ထိုသို့ပြု လုပ်ခြင်းသည် ကဗရ်အား အီးဒ်(ပွဲတော်)အဖြစ် ပြုလုပ်ရာရောက်မည်ကို စိုးရိမ်ရသောကြောင့်ဖြစ်သည်။

ထိုကိစ္စကို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)က တားမြစ်တော်မူခဲ့ပြီး မိန့်ကြားတော်မူသည်မှာ-

«لَا تَتَّخِذُوا قَبْرِي عِيدًا، وَلَا تَجْعَلُوا بُيُوتَكُمْ قُبُورًا، وَحَيْثُمَا كُنْتُمْ فَصَلُّوا عَلَيَّ، فَإِنَّ صَلَاتَكُمْ تَبْلُغُنِي»[30].

"ငါကိုယ်တော်၏ကဗရ်ကို အီးဒ်မပြုလုပ်ကြနှင့်၊ အသင်တို့၏ နေအိမ်များကိုလည်း ကဗရ်သင်္ချိုင်းများအဖြစ် မပြုလုပ်ကြနှင့်၊ အသင်တို့မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ငါကိုယ် တော်အပေါ်သို့ ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ကေန်မုချ အသင်တို့၏ ဆွလာသ်မေတ္တာ ပို့သမှုသည် ငါကိုယ်တော်ထံ ရောက်ရှိလေသည်။"[1]

"ငါကိုယ်တော်၏ကဗရ်ကို အီးဒ်မပြုလုပ်ကြနှင့်" ဟူသော အဓိပ္ပါယ်မှာ နေ့စဉ်၊ အပတ်စဉ် (သို့မဟုတ်) လစဉ် ဇိယာရသ်ပြုရန် သီးသန့်သတ်မှတ်ခြင်းကဲ့သို့ အချိန်သီးသ

[1] မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၈၀၄)၊ ဟဆန်အဆင့်ရှိသော စနဒ်ဖြင့်လာရှိထားသည်။

န့် (သို့မဟုတ်) အခြေအနေသီးသန့်ဖြင့် ၎င်းကကဗရ်ထံသို့ အကြိမ်ကြိမ်လာရောက်ခြင်းကို ဆိုလိုသည်။ (သို့မဟုတ်) ထိုအခြေအနေရောက် ရှိချိန်တွင် ဇိယာရသ်ပြုရန် အခြေအနေတစ်ရပ်ရပ်အား သီးသန့်သတ်မှတ်ခြင်းမျိုးဖြစ်သည် ။ ၎င်းကဗရ်အား အသင်တို့စုဝေးရာ ပွဲတော်အဖြစ် မပြုလုပ်ကြရန် ဆိုလိုခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။[1]

အိမာမ် မာလိက် (ရဟိမဟုလ္လာဟ်) က ပြောကြားသည်မှာ- "မဒီနာမြို့သူမြို့သားများအနက်မှ ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ပြီး ထွက်ခွာသူများအနေဖြင့် ကဗရ်၌ ရပ်ရန် မလိုအပ်ပေ။ ယင်းမှာ အခြားအရပ်မှ လာရောက်သူများအတွက်သာ ဖြစ်သည်။"[2]

"ထိုသို့ပြုခြင်းသည် သူစိမ်းများအတွက်သာဖြစ်သည်" ဟူ သော ၎င်း (ရဟိမဟုလ္လာဟ်) အဆို၏ ဆိုလိုရင်းမှာ သာမန်ဇေယာရသ်ပြုလုပ်ခြင်းကို ဆိုလိုခြင်းဖြစ်ပြီး၊ အဝ

---

1 ကြည့်ပါ - ရာဂစ်ဗ် အလ်အဆ္ဖဟာနီ ၏ အလ်မုဖ်ရဒါသ်ကျမ်း (စာမျက်နှာ ၅၉၄)၊ ရှောင်ကာနီ ၏ ကဗရ်သင်္ချိုင်းများကို မြင့်မားအောင်ပြုလုပ်ခြင်းကို တားမြစ်ထားသည့် ရှရ်ဟုဆ္ဆုဒူးရ်ကျမ်း (စာမျက်နှာ ၁၆)။

2 တရားသူကြီး အီယာဒ် ၏ အရှ်ရှိဖာ ကျမ်း ( အတွဲ ၂ / စာမျက်နာ ၂၀၄ )၊ အိဗ်နုလ်ဟာဂ့် ၏ အလ်မဒ်ခလ် ကျမ်း ( အတွဲ ၁ / စာမျက်နာ ၂၆၂ )။

င်၊အထွက်၌ ထပ်ခါတလဲလဲ ဇိယာရသ်ပြုလုပ်ခြင်းကို ဆိုလိုခြင်း မဟုတ်ပေ။

ဆွလာသ်ဝတ်ပြုသူကဲ့သို့ လက်တစ်ဖက်ကို အခြားလက်တစ် ဖက်ပေါ်သို့တင်၍ ရင်ဘတ်ပေါ်သို့မဟုတ် ရင်ဘတ်အောက်တွင်ထားကာ ကဗရ်ရှေ့တွင် မရပ်ရပေ။ ဤပုံစံသည် ဆွလာသ်အတွက်သာ သီးသန့်ဖြစ်ပြီး၊ ၎င်းသည် အလ္လာဟ်အရှင်မြတ် (سبحانه وتعالى) အတွက်သာ သင့်လျော်သော နှိမ့်ချမှုနှင့် ရိုကျိုးမှုပုံစံတစ်ခု ဖြစ်သည်။

လူအချို့လုပ်လေ့ရှိသကဲ့သို့ တမန်တော်မြတ် (ﷺ) ထံ စလာမ်မေတ္တာပို့သရန် အဝေးတစ်နေရာမှနေ၍ ကဗရ်ရှိရာဘက်သို့ မျက်နှာမမူရပေ။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်ကို စွဟာဗဟ်သာဝကများ (ရသွိယလ္လာဟုအန်ဟွမ်) ကလည်းကောင်း၊ အိမာမ်ကြီးလေးပါးအပြင် အခြားသော စလဖ်ပညာရှင်တို့ကလည်းကောင်း မပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။

မည်သည့်ဘက်မှဖြစ်စေ မွန်မြတ်သော ကဗရ်တော်ဘက်သို့ မျက်နှာမူ၍ ဒုအာတောင်းခြင်း၊ ကုရ်အာန်ဖတ်ရွတ်ခြင်းနှင့် ယင်းကဲ့သို့သောအရာများကို မပြုလုပ်ရပေ။ အ

ကြောင်းမှာ ၎င်းသည် ယခင်ဖော်ပြခဲ့ပြီးသော အသစ်တီထွင်မှုများ (ဗိဒ်အသ်) အမျိုးအစားဝင် ဖြစ်သောကြောင့်ပင်ဖြစ်သည်။ မွတ်စ်လင်မ်တစ်ဦးအဖို့ အလ္လာဟ်အရှင်မြတ်ခွင့်ပြုတော်မမူထားသည့်အရာကို မိမိ၏သာသနာ၌ အသစ်တီထွင်ခြင်း မပိုင်ပေ။ ဤကဲ့သို့သော လုပ်ရပ်မျိုးကို အိမာမ်မာလိက် (رحمه الله) က မနှစ်မြို့ခဲ့ပေ။ ၎င်းကအမိန့်ရှိသည်မှာ - ဤအွမ္မသ်၏ နောက်ဆုံးပိုင်းအား ၎င်း၏အစပိုင်းကို ပြုပြင်ကောင်းမွန်စေခဲ့သည့်အရာမှတစ်ပါး အခြားမည်သည့်အရာကမျှ ပြုပြင်ကောင်းမွန်စေနိုင်မည် မဟုတ်ပေ။[1]

တမန်တော်မြတ် ﷺ ကို စလာမ်ပို့သနေစဉ် ဓာတ်ပုံရိုက်ကူးခြင်းနှင့် တိုက်ရိုက်ထုတ်လွှင့်ခြင်းတို့ကို မလုပ်ဆောင်ရန်။

ကျွန်ုပ်တို့၏ နဗီတမန်တော် မုဟမ္မဒ်အပေါ် သို့လည်းကောင်း၊ ကိုယ်တော်၏ အိမ်တော်သား အိမ်တော်သားများနှင့် သာဝကတော်များအပေါ်သို့ လည်းကောင်း၊ အလ္လာဟ်

[1] မဂ်ျမူအ် ဖသာဝါ အိဗ်နုဗာဇ် (အတွဲ ၁၆ / စာမျက်နှာ ၁၁၀)

အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေ။

# မာတိကာ


မတ်စ်ဂျိဒ် နဗဝီ၏ ထွဋ်မြတ်မှုများနှင့် ရှိသေသမှုများ၊ တမန်တော်မြတ် (ﷺ) ၏ ကဗရ်တော်နှင့် တမန်တော်မြတ်၏ အဆွေတော်နှစ်ပါး (رضي الله عنهما) ၏ ကဗရ်တော်များကို ဇိယာရသ်ပြုလုပ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ..........................3

မတ်စ်ဂျိဒ် နဗဝီ၏ ထူးမြတ်မှုများနှင့် ရှိသေသမှုများ၊ တမန်တော်မြတ်(ﷺ)၏ ကဗရ်တော်နှင့် တမန်တော်မြတ်၏ အဆွေတော်နှစ်ပါး (رضي الله عنهما) တို့၏ ကဗရ်တော်များကိုဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များ။ ..........................................................3

နိဒါန်း .............................................................................................4

ပထမ။ ။ မတ်စ်ဂျိဒ် နဗဝီ၏ ထူးမြတ်မှုများ.......................................6

ဒုတိယ။ ။ မတ်စ်ဂျိဒ် နဗဝီ ဝတ် ကျောင်းတော်မြတ်အား ဇေယာရသ်ပြုလုပ်ခြင်းသည် မွတ်စ်သဟာဗ်ဖြစ်ခြင်း.........................11

တတိယအချက်။ ။ တမန်တော်မြတ် (ﷺ) ၏ ဗလီဝတ်ကျောင်းတော်ကို ဇေယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ရှိသေသမှုများ.........................................................................13

စတုတ္ထ - တမန်တော်မြတ် (ﷺ) နှင့် ၎င်း၏ မိတ်ဆွေအဖော်မွန်ဖြစ်သည့် စွဟာဗဟ်နှစ်ပါး (ရသွိယလ္လာဟုအန်ဟုမာ) တို့၏ ကဗရ်ကို

ဇီယာရည်ပြုလုပ်ခြင်းဆိုင်ရာ ပညတ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းများ........................................................................................30